မောင်းကုန်းအုပ်စု၊ ဘူးကြီးကုန်းကျေးရွာ
ထီးချိုင့်မြို့နယ်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မောင်းကုန်းအုပ်စု၊ဘူးကြီးကုန်းကျေးရွာ၊ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဘူးကြီးကုန်းကျေးရွာသယံဇာတပြမြေပုံ၊ထီးချိုင့်မြို့နယ်	၅
	ဘူးကြီးကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ထီးချိုင့်မြို့နယ်	၆
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား	၇
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၈
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၈
၃။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၈
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၉
	(က) သီးနှံစိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၅။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၀
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာမီးလင်းရေး	၁၁
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၁
၆။	ပညာရေး	၁၁
၇။	ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၁
၈။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၂
၉။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၂
၁၀။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၅၅
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	၆၂
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂)	၆၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃)	၆၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်မှ၂၀၂၂/၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်


လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


ဇူလိုင်လ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘူးကြီးကုန်းကျေးရွာ
ထီးချိုင့်မြို့နယ်

ဘူကြီးကုန်းကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ



မောင်းကုန်းအုပ်စုဘူးကြီးကုန်းကျေးရွာ ရာသီခွင်ပြ ပြကွက်ဒိန်



နောက်ဆက်တွဲ(၁)

ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မောင်းကုန်းကျေးရွာအုပ်စု၊ ဘူးကြီးကုန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅
၁	ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း ၂(၁၀၀၀'x၃'x၇")	၁					
၂	ကျေးရွာတွင်းရေပေးဝေရေးစနစ်ဖြင့်အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း	၂					
၃	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း။	၃					
၄	ကျေးရွာတွင်းခန်းမတည်ဆောက်ခြင်း	၄					
၅	၂၄ နာရီ လျှပ်စစ်မီးသွယ်တန်းခြင်း	၅					

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဘူးကြီးကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ် **မြတောင်**ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ မြို့နှင့်(၅)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် သပြေလှကျေးရွာနှင့်(၁)မိုင်ခန့်ကွာဝေးပြီး အနောက်ဘက်တွင် ဧရာဝတီ မြစ်ရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုးများဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ (၄၂.၅) ဧကနှင့်တောင်ယာမြေ (၁၀၈.၅)ဧက၊ ဥယျာဉ်ခြံမြေ(၂)ဧက၊ကျွန်းမြေ(၁၃)ဧကစုစုပေါင်း (၁၆၆)ဧကရှိပါသည်။ ဒေသ၏ တစ်နှစ်ပျဉ်းမျှမိုးရေချိန်သည် လက်မ(၆၀)နှင့်(၈၀) ကြားရှိပြီး မြေပြန့်ဒေသဖြစ်ပါသည်။ ကျေးရွာတွင် မိုးစပါး၊မြေပဲနှင့်ကြံများကိုသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၇ဦး)၊ လူလတ်အဖွဲ့ (ကျား - ၃၀ဦး)၊ မီးသတ်အဖွဲ့(ကျား-၁၀)ဦး၊လူငယ်(၂၀)ဦးနှင့် အမျိုးသမီး (၂၅)ဦးတို့သည် ကျေးရွာ၏ ကျန်းမာရေး၊ဘာသာရေး၊သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီနှင့် ကျောင်းသား မိဘအဖွဲ့ (ကျား -၇)ဦးသည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများ နှင့် ပူးပေါင်း၍ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့် တစ်ဖွဲ့စု စည်းညီညာစွာဖြင့် အားတက်သရောစုပေါင်း လုပ်ဆောင်နေကြပါသည်။ ဘူးကြီးကုန်း ကျေးရွာကျေးရွာဖွံ့ဖြိုးရေးအတွက် ဖေါ်ပြပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကူညီဖေးမ လက်တွဲညီညာစွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဘူးကြီးကုန်းကျေးရွာသည် မြေယာမဲ့တောင်သူ (၅၂)အိမ်ထောင်စု၊ (၂.၅)ဧကအောက် ဆင်းရဲသား တောင်သူ(၈)အိမ်ထောင်စု၊(၂.၅)ဧကနှင့်(၅)ဧကကြားတောင်သူငယ် (၆)အိမ်ထောင်စု၊ (၅)ဧက နှင့် (၁၂.၅)ဧကကြား (၉)အိမ်ထောင်စု၊(၁၂.၅)ဧကနှင့် အထက်ပိုင်ဆိုင်သူတောင်သူကြီး (၅)အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ မြေပဲနှင့် နှမ်းသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာမိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအရင်းမြစ်နည်းပါးသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။ စပါးအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ (၉၀)တင်းထွက်ရှိပါသည်။ မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၂၀)တင်းထွက်ရှိပြီး ကြံအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ (၁၈)တန် ထွက်ရှိပါသည်။ ကျေးရွာအတွင်ထွန်စက်ကြီး (၂)စီး၊လက်တွန်းထွန်စက် (၄)စီး၊ခွေလှေ့စက် (၂)လုံး ရေစုပ်စက်(၂၄)လုံးနှင့်ခြေနင်းရေတင်စက်(၂)လုံးရှိပါသည်။ အဖွဲ့ပိုင်ထွန်စက်၊ ရိတ်သိမ်းခွေလှေ့စက်မရှိပါ။အချို့သောတောင်သူများသည်ကျေးရွာရှိစက်များကိုငှါးရမ်းလုပ် ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာနှင့်သွင်းအားစုများ၊ဓာ တုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုမြို့နှ င့်အလှမ်းဝေးသော်လည်းလွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာတွင်တောင်သူလုပ်ငန်းလု ပ်

ကိုင်ရာတွင်ရာသီဥတုမမှန်ခြင်း၊စိုက်ပျိုးရေအတွက်ဆည်မြောင်းရေမရရှိခြင်း၊နည်းပညာဝန် ဆောင်မှုများအလွယ်တကူမရရှိခြင်းတို့ကြောင့်သီးနှံအထွက်နည်းခြင်း၊သီးနှံစျေးကွက်တွင် လည်းကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်သော်လည်းစျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချ နိုင်ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ဘူးကြီးကုန်းကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၃၃)အိမ်ရှိပြီး နွားကောင်ရေ (၁၃၂)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၃)အိမ် ရှိပြီးကျွဲကောင်ရေ (၅) ကောင်၊မြင်းမွေးမြူထားသည့်အိမ်ထောင်စု(၁)ရှိပြီး မြင်းကောင်ရေ (၁)ကောင်၊ဝက် မွေးမြူထားသည့်အိမ်ထောင်စု (၃၂)အိမ်ရှိပြီးဝက်ကောင်ရေ (၅၅)ကောင်၊ ကြက်မွေးမြူထား သည့်အိမ်ထောင်စု (၂၃)အိမ်ရှိပြီးကြက်ကောင်ရေ (၃၇၉) ကောင်နှင့် ဘဲမွေးမြူထားသည့်

အိမ်ထောင်စု (၂)အိမ်ရှိပြီး ဘဲကောင်ရေ(၂၂)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့် အပြင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါ ကမွေးမြူရေး နည်းပညာနှင့်ပတ်သက်သည့်အတွေ့အကြုံ၊အသိပညာများအားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော[illegible]ဝင်ငွေရလုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် ယာဉ်မောင်းလုပ်ငန်း၊ စျေးအရောင်းအဝယ်လုပ်ငန်း များစသည်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များ သည်အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုအားနည်းပါသည်။ ထို့ကြောင့်အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

တောင်သူများသည်စိုက်ပျိုးစရိတ်ချေးငွေများ ရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ(၁)ဧက (၁၅၀၀၀၀)သိန်းနှုန်းဖြင့်အများဆုံး (၁၀)ဧကအထိ ချေးယူ နိုင်ကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင် နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းပါး ကြပါသည်။ကျေးရွာအတွင်းရှိငွေချေးသူများထံမှတစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ထို့ကြောင့်အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန်လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင်စက်ဘီး (၄၅)စီး၊မော်တော်ဆိုင်ကယ် (၆၇)စီး၊

လှေ၊သမ္ဘာန်(၁၃)စီး၊စက်လှေ(၁၁)စီးနှင့်နွားလှည်း (၁၅)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင်မြေသားလမ်းတစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ချို့ယွင်းများ ဖြစ်ကာသွားလာရအဆင်မပြေမှုများရှိနေပါသည်။ ကျေးရွာချင်းဆက်လမ်းသည်လမ်း မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားရေးလာရေးအခက်အခဲရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်းမရရှိသေးပါ။ဆိုလာမီးသုံးစွဲနေသောအိမ်ထောင်စု (၃၈)စုရှိပြီး ဘုန်းတော်ကြီးကျောင်းမှ ဒီဇယ်အင်ဂျင်စက်ဖြင့်အိမ်ထောင်စု(၄၂)စုဖြင့် အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဘူးကြီးကုန်းကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၁၃၅)လုံး၊တီဗွီ (၃၀)လုံး၊ဂြိုလ်တုစလောင်း (၁၅)လုံး၊ရေဒီယို(၂၁)လုံး စသည်တို့နှင့် အနီးအနားရှိကျေးရွာမှဆက်သွယ်ရေးတာဝါတိုင်များ ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိပါသည်။

၆။ ပညာရေး

ဘူးကြီးကုန်းကျေးရွာရှိကျောင်းသား/သူများသည်အ.မ.ကအဆင့်ဖြင့် ပညာသင်ကြားလျှက်ရှိပါသည်။အလယ်တန်းနှင့်အထက်တန်းပညာရေးအား (၁.၄)မိုင်ခန့်ကွာဝေးသောမြတောင်ကျေးရွာရှိကျောင်းသို့သွားရောက်ပညာသင်ကြားကြရပါသည်။ကျောင်းတွင် ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။

ကျေးရွာတွင်စာမတတ်သည့်လူဦးရေ(၃)ဦးရှိပါသည်။မူလတန်းအဆင့်စာတတ်မြောက် သူများမှာလူဦးရေ၏ (၇၄.၄)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၃.၅)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ(၆.၃၇)ရာခိုင်နှုန်းနှင့်တကသိုလ်အဆင့်စာတတ်မြောက်သူများမှာ(၄.၈) ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှလိုအပ်သည့်ကာကွယ်ဆေးများအားကျေးရွာအထိနှစ်စဉ်နှစ်တိုင်းလာရောက်ထိုးပေးလျှက်ရှိပါသည်။တိုက်နယ်ဆေးရုံသည်မြတောင်ကျေးရွာတွင်တည်ရှိပြီးဘူးကြီးကုန်းကျေးရွာနှင့်(၁.၄)မိုင်ခန့်ကွာဝေးပါသည်။ထီးချို့မြို့နယ်

ဆေးရုံကြီးနှင့်(၅)မိုင်ခန့်ကွာဝေးသော်လည်းအရေးပေါ်အခြေအနေတွင်ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့်အခက်အခဲနည်းပါးပါသည်။

ကျေးရွာတွင်သောက်သုံးရေအား မိုးရာသီတွင် မြစ်ရေကိုအဓိကထား အသုံးပြုကြပါသည်။ နွေရာသီနှင့်မိုးရာသီတွင် အဝီစိ/တုံကင်တွင်းများ မှ သောက်သုံးကြပါသည်။ ကျန်းမာရေးအနေဖြင့် သောက်သုံးရေကို စနစ်တကျစစ်ဆေးထားခြင်းမရှိပါ။ ကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာများကိုအသုံးပြုသည့်အိမ်ထောင်စု (၂)စုရှိပြီး တွင်းဧလားအိမ်သာအသုံးပြုသည့် အိမ်ထောင်စု (၇၁)စု နှင့် အိမ်သာမရှိသူ အိမ်ထောင်စု(၇)စု ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘူးကြီးကုန်းကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဘူးကြီးကုန်းရွာသည် ဧရာဝတီမြစ်ဘေးတွင် ရှိပါသည်။ သို့သော် သဲသောင်များထွန်းနေ၍ သဘာဝသတ္တုများမရှိသော်လည်း သဲများကိုအလွယ်တကူရရှိနိုင်ပါသည်။ သဘာဝတောတောင်များနှင့် အလှမ်းဝေးကွာသောကြောင့်ဆေးဘက်ဝင်အပင်များမရှိပါ။ မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဘူးကြီးကုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင်လည်း အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မောင်းကုန်း			ကျေးရွာအမည် – ဘူးကြီးကုန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၆	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၃	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများလုံလောက်စွာဖြည့်တင်းခြင်း။	

ကျေးရွာအုပ်စုအမည် – မောင်းကုန်း			ကျေးရွာအမည် – ဘူးကြီးကုန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာရေးသရုပ်ပြစာစောင်များ ဗဟုသုတစာစောင်များထားရှိခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး သံဇကာ ပတ်လည်ကာရံခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းအိမ်သာ (၁)ခန်းတည်ဆောက်ခြင်း။	
၁၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း	
၁၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေသန့်စက်ရုံတည်ဆောက်ခြင်း	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြစ်ကမ်းပါးဘေးတွင်ရေကာတာတည်ဆောက်ခြင်း	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း။	
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့်ချိတ်ဆက်၍လူငယ်များအတွက်အားကစားပစ္စည်းများဖြည့်တင်းခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၆	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများပြုလုပ်ရန်သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအားချိတ်ဆက်ခြင်း။	

ကျေးရွာအုပ်စုအမည် – မောင်းကုန်း			ကျေးရွာအမည် – ဘူးကြီးကုန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၇	ဆက်သွယ်ရေး		ဆက်သွယ်ရေးဧရိယာတိုင်တပ်ဆင်ရန်သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအားချိတ်ဆက်ခြင်း။	

နောက်ဆက်တွဲ (၁)

ဘူးကြီးကုန်းကျေးရွာ၊မောင်းကုန်းကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ဝင်း	ဦးတော	၅/ထခန(နိုင်) ၀၂၄၀၁၈	၅၇	ဥက္ကဋ္ဌ	၀၉-၄၄၄၂၀၄၅၄၂
၂	ဦးတင်ပြူး	ဦးမြထီ	၅/ထခန(နိုင်) ၀၆၄၂၀၉	၄၅	အတွင်းရေးမှူး	-
၃	ဦးဝင်းလွင်	ဦးလင်း	၅/ထခန(နိုင်) ၀၅၇၁၁၆	၄၂	စာရင်းကိုင်	၀၉-၂၅၈၄၂၆၇၆၂
၄	ဦးတင်မျိုးအောင်	ဦးသီ	၅/ထခန(နိုင်) ၀၆၆၀၅၁	၃၀	ဘဏ္ဍာရေးမှူး	၀၉-၄၄၀၃၄၉၃၈၀
၅	ဒေါ်စန်းစန်းဦ:	ဦးအေတူး	၅/ထခန(နိုင်) ၀၀၀၅၃၁	၃၄	အဖွဲ့ဝင်	၀၉-၈၉၃၉၃၉၆၅၈
၆	ဒေါ်စန်းမြမြစိုး	ဦးမြင့်ဆွေ	၅/ထခန(နိုင်) ၀၅၉၃၀၆	၄၀	အဖွဲ့ဝင်	-
၇	ဒေါ်နွယ်နွယ်စိုး	ဦးမိုး	၅/ထခန(နိုင်) ၀၅၉၂၅၈	၃၅	အဖွဲ့ဝင်	၀၉-၄၄၇၉၈၄၃၃၇

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဘူးကြီးကုန်းကျေးရွာ၏လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၈	၁၅	၂၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၃	၁၇	၃၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၀	၂၁	၄၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၄	၁၂၄	၂၃၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၃	၂၃
စုစုပေါင်း		**၁၆၉**	**၁၉၃**	**၃၆၂**
စုစုပေါင်း အိမ်ထောင်စု		**၈၀**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာ သည်အိမ်ထောင်စု(၈၀)စု၊ လူဦးရေ(၃၆၂)ဦးရှိပါသည်။ ဘူးကြီးကုန်းကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ် (၁.၉၃%)၊ (၅)နှစ်အောက် ကလေးငယ် (၆.၃၅%)၊မူလတန်းကျောင်းသားအရွယ် (၈.၂၈%) ၊အလယ်တန်း ကျောင်းသားအရွယ် (၁၁.၃၂%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၆၅.၇၄%)၊သက်ကြီးရွယ်ကြီး(၆.၃၅%)ရှိပါသည်။ပျမ်းမျှအနေ ဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏(၂၈.၈၆%)ရှိပြီးအလုပ်လုပ်နိုင်သည့်အ ရွယ်ကျား (၁၁၄)ဦး၊မ (၁၂၄)ဦးစုစုပေါင်း (၂၃၈)ရှိပြီးတစ်ရွာလုံးလူဦးရေ၏(၆၅.၇၄%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၅)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့်ပျမ်းမျှ တစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းရှိနေပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၆	၂၈	၇	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃၈	၄၈	၉	မြင့်□လတ်✓နိမ့်☒
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၃၂	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း၈**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်☒နိမ့်□
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင်လုပ်ငန်း	–	–	၁	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	လက်လီ–လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၉	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်☒
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၃	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	၁	မြင့်□လတ်□နိမ့်✓
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်☒
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၃	၂	မြင့်□လတ်☒နိမ့်□
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇	၇	၁၄	မြင့်□လတ်✓နိမ့်□
	စုစုပေါင်း	**၇၆**	**၉၁**	**၇၈**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူအများအပြားရှိသည့် အနက်စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့်စိုက်ပျိုးမြေယာများကိုအငှားလုပ်သူများလည်းရှိပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့်လုပ်ကိုင်သောမိသားစုများမရှိသော်လည်းတစ်ပိုင်တစ်နိုင်အိမ်စားရုံမျှမွေးမြူရေးလုပ်ငန်းကိုလည်းလုပ်ကိုင်ကြသည်။ဝန်ထမ်းလုပ်ကိုင်သူမိသားစုများလည်းရှိပြီးပို့ဆောင်ရေးကဏ္ဍတွင်ကားမောင်းခြင်းဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ကျေးရွာအတွင်းတစ်ပိုင်တစ်နိုင်စျေးရောင်းသူအနည်းငယ်သာရှိပြီး အခြားအသက်မွေးမှုနည်းပညာများတတ်မြောက်သည့်အိမ်ထောင်စုနည်းပါးသဖြင့် ကျေးရွာ၏အချို့သောအလုပ်လုပ်နိုင်သည့်သူများသည် တခြားသောပြည်တွင်း/ပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်	နေ့စား	–	–	–	–

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီးကျား/မ ဝင်ငွေခြားနားရခြင်းမှာလည်းလုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ပြည်တွင်း/ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄၂.၅၀	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀၈.၅	ကောင်း ☐	သင့်🏂	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၃	ကောင်း ☐	သင့်✓	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၂	ကောင်း ☐	သင့်✓	ညံ့ ☐
စုစုပေါင်း	၁၆၈	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာသည် ဧရာဝတီမြစ်ဘေးတွင်တည်ရှိပါသည်။လယ်မြေ/ယာမြေများသည် ရွာ၏အရှေ့ဘက်အရပ်တွင်ရှိပါသည်။စိုက်ပျိုးရေးလုပ်ကိုင်သော မြေများသည် တစ်နှစ်တစ်ခါရေလွှမ်းမိုး၍ မြေဆီလွှာကောင်းမွန်သော်လည်း နည်းပညာအသုံးပြုနိုင်မှု အားနည်းခြင်း၊ ပိုးနှင့်ရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်ရှာဖွေမစိုက်ပျိုးနိုင်သောကြောင့် တောင်သူအများစုတို့၏ ဘဝသည် အဆင်မပြေခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☒	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်✓ နည်း☒ မရှိ☐	လွယ်✓ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐မရှိ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းရွာသည် ဧရာဝတီမြစ်ဘေးတွင်ရှိပါသည်။သို့သော် သဲသောင်များထွန်းနေ၍ သဘာဝသတ္တုများမရှိသော်လည်း သဲများကိုအလွယ်တကူရရှိနိုင်ပါသည်။သဘာဝတောတောင်များနှင့် အလှမ်းဝေးကွာသောကြောင့် ဆေးဘက်ဝင်အပင်များမရှိပါ။ရွာအနီးဝန်းကျင်တွင် သီးနှံရိတ်သိမ်းပြီးချိန်၌ နွားစားအသင့်အတင့်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင် စု
				မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၁၈	၃၇	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု အသင့်အတင့်ရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည်လယ်အင်္ဂါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့်ရာသီအလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့မှာပြည်ပနိုင်ငံများတွင်သွားရောက်လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၄_____ လုပ်အားခကြိုယူ= ___၅_____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၇	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၄_____ လုပ်အားခကြိုယူ= ___၃_____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၅၆.၂၅) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၃.၇၅) ရာခိုင်နှုန်းမှာ (၃ – ၅) လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျော့စားခြင်း၊တစ်ရက်လုံးလျော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသောအချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(ဂ–၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၄	၃	၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဘူးကုန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို (၇)ဦးရှိပြီး ရပ်ရွာမှဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။

(ဂ–၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် □လတ် ✓နိမ့်□မရှိ □
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဩဇာ၊ရေ)	မြင့် □လတ် ✓နိမ့်□မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် ✓နိမ့်□မရှိ □

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၄	မိုးခေါင်ခြင်း	မြင့် □လတ် ✓နိမ့်□မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □ လတ် □နိမ့် မရှိ □
၆	မုန်တိုင်း	မြင့် □လတ် □နိမ့် မရှိ □
၇	ငလျင်	မြင့် □လတ် □နိမ့်□ မရှိ ✓
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□ မရှိ ✓
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် □လတ် □ နိမ့်✓မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် □နိမ့်□မရှိ ✓
၁၂	၄က်ဖျားရောဂါ	မြင့် □လတ် □နိမ့် မရှိ □
၁၃	တီဘီရောဂါ	မြင့် □ လတ်□နိမ့်✓မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်✓ မရှိ□
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် □လတ် □နိမ့်□ မရှိ
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် □လတ် □နိမ့်✓မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □ နိမ့်□ မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် □လတ် ✓ နိမ့်□ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် စားနပ်ရိက္ခာမဖူလုံမှုများအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်ဆိုးဆိုးရွားရွား အခြေအနေမျိုးမရှိပါ။မြစ်ကမ်းဘေးကျေးရွာဖြစ်သောကြောင့် မြစ်ကမ်းပါးများပြိုပျက်ခြင်းဒဏ်ကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့ရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ၄က်ဖျားရောဂါ၊ မိုးရာသီတုပ်ကွေးဖျားနာခြင်းသာရှိပါသည်။ကျေးရွာသူကျေးရွာသား များစည်းစည်းလုံးလုံးနှင့်အတူတကွနေထိုင်ကြသဖြင့်ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် ကြက်နာရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။လမ်းပန်းဆက်သွယ်ရေးအခြေအနေ အနည်းငယ်ခက်ခဲပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်□မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် □လတ် □နိမ့်မရှိ □
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် □လတ် ✓နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ေ ောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ **(Prone to accident)** တွင်နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ✓
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်✓မရှိ □
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် □လတ် ✓နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် □လတ် □နိမ□မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၆	နေရပ်ပြန်အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၈	ကားမောင်းပြီးအသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့်လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေး နှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားလွယ်နိုင်ပါသည်။မိမိနေရပ်တွင်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန်အတွက်အခွင့်အလမ်းနည်းပါးခြင်း၊အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့် ပြည်တွင်းပြည်ပနိုင်ငံများသို့သွာရောက်အလုပ်လုပ်ခြင်းဖြစ်သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁□၂✓၃□	၇	-	၇	ပညာရေး✓ငွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း✓ သင့်□ ညံ့□
၂	မီးသတ်တပ်ဖွဲ့	၁□၂✓၃□	၈	၂	၁၀	ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□	ကောင်း✓ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး✓	
၃	လူလတ်အဖွဲ့	၁☐၂☐၃☐	၃၀	-	၃၀	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၄	အမျိုးသမီး	၁☐၂✓၃☐	၂၅	-	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐
၅	လူငယ်	၁☐၂☐၃☐	၂၀	-	၂၀	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ဘူးကြီးကုန်းကျေးရွာ၏အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ ဆောင်ရွက်ကြပါသည်။အဖွဲ့အစည်းအားလုံး: နည်းနည်းစီပင် လိုအပ်ချက်တို့ရှိကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

